# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉-၉-၂၀၁၄ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခမိုင်မုန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရ အနေဖြင့် ဥပဒေပြုခေါ်ဆိုရာတွင် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုလိုသည်ဟု စကားရပ်များ ပါဝင်ခြင်း မရှိသဖြင့် ဘယ်နည်းဘယ်ပုံ ထည့်သွင်း ဖြည့်စွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် သန့်ရှင်းသော အစိုးရ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရန်** Procurement Law **ရေးဆွဲ ပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန်အတွက် အင်္ဂလိပ်စာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများအား မြန်မာစာ(မြန်မာဘာသာ) ပြန်ဆို၍ မဖြစ်နိုင်သည်မှအပ အတတ်နိုင်ဆုံး မြန်မာစာဖြင့် ပြင်ဆင်ချက် မူကြမ်း ရေးသားတင်သွင်းစေရန် လွှတ်တော်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့တွင် ခရိုင်ဥပဒေရုံးနှင့် မြို့နယ် ဥပဒေရုံး အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ဆိုင်ကယ်လိုင်စင်ကို အလွယ်တကူ ပြုလုပ်နိုင်ရေးနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ အလိုအလျောက် ကွယ်ပျောက်ရေး မည်ကဲ့သို့ စီစဉ်မည်ကို သိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဗိုလ်မှူးခင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **မန္တလေး-မြစ်ကြီးနားမီးရထားလမ်းအား အဆင့်မြှင့်တင်ရန်နှင့် ရထား စက်ခေါင်း၊ လူစီးတွဲများ အရည်အသွေးပြည့်မီစေရန် မည်ကဲ့သို့ စီမံထားရှိသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက တင်သွင်းသည့် **" ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။